မြင်းခြံမြို့နယ်

နှပ်ချိုတောကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၀)

ဇယား (၄၈) မျိုး

ပြုစုရေးစွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နှပ်ချိုတောကျေးရွာ၊ မြင်းခြံမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ် ၊ စက်တင်ဘာ လ

မာတိကာ

မာတိကာ

၁. မြင်းခြံမြို့နယ် ၊ ကန်ချောအုပ်စု၊ နှပ်ချိုတောကျေးရွာ၏ သယံဇာတမြေပုံ ၄

၂. မြင်းခြံမြို့နယ် ၊ ကန်ချောအုပ်စု၊ နှပ်ချိုတောကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၅

၃. မြင်းခြံမြို့နယ် ၊ ကန်ချောအုပ်စု၊ နှပ်ချိုတောကျေးရွာ၏ ကျေးရွာတွင်း/ ပြင် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၆

၄.က။ မြင်းခြံမြို့နယ် ၊ ကန်ချောအုပ်စု၊ နှပ်ချိုတောကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၇

(က) ရည်ရွယ်ချက်

(ခ) နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄.ခ။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်

(ခ) သဘာဝအရင်းအမြစ်များ

၄.ဂ။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄.ဃ။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ၊ လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

၄.င။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့် အတားနှင့်စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

၄.စ။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်မဟာဗျူဟာ ၁၅
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၄.ဆ။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား ၁၆
အစီအစဉ်ကျသောချိတ်ဆက်မှုများ
(က) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း
(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး
(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ
(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ
အထောက်အပံ့


၄.ဇ။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၁၇
(က) နှစ်ပတ်လည်ဖွံ့ဖြိုးမှုအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စု
ခွဲခြားခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၅။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၉

၁၀။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်မည့်နည်းလမ်းများ ၂၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ
အစီအမံများ

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကဲဖြတ်ပွဲ

၁၂။ နောက်ဆက်တွဲဇယားများ (၄၈) ဇယား



အပိုင်း(က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ (က) ရည်ရွယ်ချက်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးလက်ပြည်သူများ ကိုယ်တိုင်စီမံချက်ရေးဆွဲ အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ် ၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် အရ CDD စီမံကိန်းနှင့် VDP စီမံကိန်းဆောင်ရွက် လျှက်ရှိသည့် မြို့နယ်များမှအပ ကျန်မြို့နယ်များ တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါသည်။

ဤအစီအစဉ်အရ မြင်းခြံမြို့နယ်အတွင်း ကျေးရွာပေါင်း (၁၈၃)ရွာရှိသည့်အနက် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် ကျေးရွာရွေးချယ်ခြင်းကို လွတ်တော်ကိုယ်စား လှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများညှိနှိုင်း ဆုံးဖြတ်ချက် ဖြင့် နှပ်ချိုတောကျေးရွာ အား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲဆောင်ရွက်ရန် ရွေးချယ်ခဲ့ပါသည်။

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည့် အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ကိုရေး ဆွဲပြီး နောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ အချက်အလက်များရယူ၍ ကျေးရွာ ဖွံ့ဖြိုး ရေးကို လိုအပ်သည့် လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရ သော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းအရင်းများ၊ ဖြေရှင်းဆောင်ရွက် နိုင် သောနည်းလမ်းများကို ဖော်ထုတ်၍ ဦးစားပေးအစီအစဉ်အလိုက် စီမံချက်အားရေးဆွဲ ထားပါသည်။

(ခ) နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

မြင်းခြံမြို့နယ် နှပ်ချိုတောကျေးရွာအဆင့်မှ စီမံချက်ရေးဆွဲထားရှိမှုအတွက်ကျေးရွာ ဖွံ့ဖြိုး ရေးဆိုင်ရာ အကူအညီများကို စုစည်း၍ မြို့နယ်အဆင့်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး အဆင့်၊ ပြည် ထောင်စု အဆင့်ထိ တင်ပြသွားမည်ဖြစ်ပါသည်။

ကျေးရွာလူထု လိုလားချက်များနှင့်သက်ဆိုင်သည့် အခြားအစိုးရမဟုတ်သည့် အဖွဲ့ အစည်း များ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ သည် ကျေးရွာလူထုမှ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ အား ပိုမိုသိရှိနားလည် ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို အထောက်အကူ ဖြစ်စေမည် ဖြစ်ပါ သည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

လူထုဦးဆောင်ပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်ဖြစ်၍ လူတိုင်းပါဝင်ခွင့်ရရှိပြီး လူထုကိုယ်တိုင် လုပ်ငန်းများစုစည်းခြင်း၊ ဦးစားပေးရွေးချယ်ခြင်းအားဖြင့် ကျေးရွာလူထု၏ စွမ်းဆောင်ရည်မြင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာလိုအပ်ချက်များအား အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျေးရွာ၏စွမ်းရည်နှင့် လိုအပ်သည့် အရင်းအနှီးများ ရရှိမှုအပေါ်မူတည်၍ နောင်တွင် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်

မြင်းခြံမြို့နယ် နှပ်ချိုတောကျေးရွာသည် မြင်းခြံမြို့နှင့် (၂၀) မိုင် ဝေးပြီး ဆက်သွယ်သွား လာရေးလွယ်ကူပါသည်။ မြင်းခြံ-နဘူးအိုင်လမ်းမကြီး အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ တစ်ပိုင်တစ်နိုင် မွေးမြူ ရေး လုပ်ငန်း အနည်းငယ် လုပ်ကိုင်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန် (၆၀ မှ ၈၀) ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် တောတောင် မြစ်ချောင်းများ မရှိဘဲ မြေပြန့်အနေအထားဖြစ်ပါသည်။ ယာမြေများဖြစ်၍ မြေပဲ၊ ပဲစင်းငုံ၊ ဝါ၊ နှမ်း၊ စပါးနှင့် ဖရဲ စိုက်ပျိုးရေး ထုတ်လုပ်ရန် အဓိကအကျိုးပြုသည်။

(ခ) သဘာဝအရင်းအမြစ်

ယာမြေများနှင့်လယ်မြေရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီကောင်းမွန်ပါသည်။ သဘာဝ သယံဇာတများ မထွက်ရှိပါ။ တောင်သူအများစုမှာ စိုက်ပျိုးရေတွင်းများတူးဖော်၍လည်းကောင်း၊ မြစ်ရေတင်မြောင်းမှလည်းကောင်း စိုက်ပျိုးရေများရရှိပါသည်။ ထွန်ယက် စိုက်ပျိုးနိုင်သည့် ဧက (၃၅၀၀) ဧက ရှိပြီး ပဲစင်းငုံ၊ ပဲနီ၊ မြေပဲ၊ ဝါ၊ နှမ်း၊ စပါးနှင့် ဖရဲကို အဓိကစိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၃၂၀)စု နှင့် ကျား(၈၄၄)၊ မ(၈၄၃)ဖြင့် လူဦးရေပေါင်း (၁၆၈၇)ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက် လျော့နည်းပါသည်။ ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦး ရေ၏ (၇၀)% ရှိသဖြင့် လူသားအရင်း အမြစ်ကောင်း တစ်ရပ်ဖြစ်ကာ ဒေသစီးပွားရေး တိုးတက် အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၁၀)% မျှ ပိုများ သည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထား မှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၇၀%)သည် အလယ်အလတ်နှင့် ဆင်းရဲအဆင့်ခံယူထားကြပြီး (၂၅%)မှာ ချမ်းသာအဆင့်နှင့် (၅%) မှာ အလွန်ဆင်းရဲဟု သတ်မှတ်ပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံး စက်ကိရိ ယာများ ပိုင်ဆိုင်မှုနှင့် စိုက်ပျိုးရေးလုံလောက် မှုကြောင့် စီးပွားရေး အသင့်အတင့် ကောင်းမွန်ကြ ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေး ကောင်းမွန်သည့် အိမ်ထောင်စုများပြီး ပန်းရံ၊ လက်သမား စသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်သူများလည်း အဆင်ပြေပါသည်။

ကျေးရွာတွင် အလွန်ဆင်းရဲအဆင့်မှာ နည်းပါးပြီး မြေယာမဲ့ အိမ်ထောင်စုများ မရှိသလောက် ဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းများကို စိတ်ပါဝင်စားမှု အားနည်းပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၂၅%)ကို လေ့လာဆန်းစစ်မှုအရ သူတစ်ပါးထံ ချေးငှားပြီးမှ ထမင်းနပ်မှန်အောင် စားသုံးနိုင်သည့် အိမ်ထောင်စု မရှိကြောင်း၊ စီးပွား ရေးနှင့် ကျန်းမာရေးအတွက်သာ ချေးငွေရယူလိုခြင်း ကြောင့်နှင့် အများဆုံး အကြွေးတင်ရှိမှုမှာ ၁၀၀၀၀၀/ မှ ၅၀၀၀၀၀/ ဝန်းကျင်ရှိပါသည်။အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု နှင့် တစ်ခုလပ် မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စုတို့မှာ ဆင်းရဲသဖြင့် ထိခိုက်လွယ်သည့် အိမ်ထောင်စု များဖြစ်ပါ သည်။

အခြားထိခိုက်လွယ်သည့်သူများမှ လူငယ်များဖြစ်ပြီး စျေးနှုန်းသက်သာသည့် ဆိုင်ကယ်၊ ကားများ၊ ပေါများလာခြင်း၊ အရက်၊ ဘီယာစသည့်များနေရာတိုင်းတွင် ရရှိနိုင်ခြင်းကြောင့် မူးရစ် သောက်စားပြီး ယာဉ်မတော်တဆမှုများ ဖြစ်နိုင်ခြေများပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသူ/ ရွာသားအများစုမှာ ကျန်းမာရေးကောင်းမွန်ကြပြီး အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံ နှင့်(၂၀မိုင်)သာကွာဝေးခြင်းကြောင့်ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန်ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သည်။

ကျေးရွာတွင် ကိုယ်ပိုင်စက်ရေတွင်းများရှိပြီး ရေလုံလောက်စွာ ရရှိကာ ရေကောင်းမွန်သဖြင့် ကူးစက်ရောဂါ မဖြစ်ပွားကြောင်း တွေ့ရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် ကျေးရွာတွင် အလယ်တန်းကျောင်း ရှိခြင်းကြောင့် အလယ်တန်းအဆင့်များပါသည်။ အလယ်တန်း အောင်မြင်ပြီးပါက ကျေးရွာနှင့် (၄)မိုင် ကွာဝေး သည့် နဘူးအိုင် အထက်တန်းကျောင်းရှိပြီး လွယ်ကူစွာတက်ရောက်သင်ကြား နိုင်သော်လည်း ပညာသင်ကြားရန် စိတ်ပါဝင်စားမှု အားနည်းကြောင်း တွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျားမဆိုင်ရာဆက်နွယ်မှုမှာ ကျေးရွာ၏အစဉ်အလာအရ အမျိုးသမီးများအား အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများတွင် ထည့်သွင်းအသုံးပြုခြင်း မရှိသဖြင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများပါဝင်မှာ နည်းပါးသည့် ကျေးရွာတွင် လုပ်အားခငွေမှာ အမျိုးသားများက ပိုမိုရရှိကြသည်။လုပ်အားစိုက်ထုတ်ရမှု တူညီသော်လည်း လုပ်အားခမှာ မညီမျှကြောင်း တွေ့ရှိရ ပါသည်။ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မရှိပါ။ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၁)ဖွဲ့ ရှိပါသည်။ နာရေးကိစ္စများ အပါအဝင် လူမှုရေးကိစ္စများဆောင်ရွက်မှု အားကောင်းပြီး စည်းလုံးညီညွတ်ကြောင်း တွေ့ရှိရပါသည်။ Pack မြန်မာမှ ဆောင်ရွက်လျှက်ရှိသည့် ငွေစုငွေချေးလုပ်ငန်းကိုလည်း လည်ပတ်

ဆောင်ရွက်လျှက် ရှိပါ သည်။ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြ ပြီး စာရင်းဇယား ရေးသွင်းမှု အားနည်းပါသည်။ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မား လာစေရန် ခေါင်းဆောင်မှု သင်တန်း များ၊ ဘာသာရေးသင်တန်းများပို့ချပေးနိုင်ပါက စီမံ အုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ပဲစဉ်းငုံ၊ မြေပဲ၊ နှမ်း၊ ဝါနှင့် ကြက်သွန်နှင့်စပါးကို အဓိကထား စိုက်ပျိုး ကြပါ သည်။ စိုက်ပျိုးရေး ကုမ္ပဏီများမှ နည်းပညာဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး စိုက်ပျိုးနိုင်ရန် စက်ရေတွင်းမှလည်းကောင်း၊ မြစ်ရေတင်မြောင်းမှလည်းကောင်း လုံလောက် စွာ ရရှိပါသည်။

အများစုမှာ တောင်သူလုပ်ငန်းလုပ်ကိုင်ကြသဖြင့် အလုပ်သမား မလုံလောက်မှု ကြောင့် လုပ်အားခ ပိုမိုပေးရသည့် ပြဿနာများ ရင်ဆိုင်ရသည်။ အလုပ်သမားရှားပါးမှုနှင့် လုပ်အားခ ကုန်ကျစရိတ်သက်သာလာစေရန် ခေတ်မီစက်ကိရိယာများ ဌားရမ်းအသုံးပြု ရပါသည်။ သီးနှံဖျက်ပိုး ကျရောက်မှုကို တခါတရံ တွေ့ရပြီး ခေတ်မီ ပိုးသတ်ဆေးဝါးများ အလွယ်တကူရရှိသဖြင့် အခက် အခဲမရှိသော်လည်း သဘာဝပိုးသတ်ဆေး ပြုလုပ်နည်းများ ရရှိပါက ကျေးရွာအတွက် အဆင်ပြေမည် ဖြစ်ပါသည်။

ကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးအဖြစ် နွားမွေးမြူသည့် အိမ်ထောင်စုမရှိပဲ အိမ်ထောင်စု အားလုံးနီးပါးမှာ တစ်ပိုင်တစ်နိုင် နွားနှင့် ဝက်ကို မွေးမြူကြပါသည်။ စီးပွားဖြစ် မွေးမြူရေး လုပ်ကိုင် လာနိုင်စေရန် နည်းပညာနှင့် ချေးငွေ ဝန်ဆောင်မှုပေးနိုင်ပါက မွေးမြူ ရေး လုပ်ငန်းဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ကိုင်ရန် ရေကန်/ ဆည် မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အခြားဝင်ငွေရ လုပ်ငန်းအဖြစ် ပန်းရံ၊ လက်သမား၊ စက်ချုပ် နှင့် လက်လုပ်လက်စား များ ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများရှိပြီး အသက်မွေးဝမ်းကျောင်း သင်တန်းများ အတွက် လျှပ်စစ်၊ သံချည်သံကွေး၊ ပန်းရံ၊ လက်သမား၊ စက်ချုပ် စသည့် သင်တန်းများ တက်ရောက် ရန် စိတ်ပါဝင်စားမှု မရှိဘဲ လတ်တလောစားဝတ်နေရေး ပြေလည်စေမည့် လက်လုပ်လက်စား ဘဝ ကို ခံယူထားကြသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများ ကျေးရွာတွင် ဖွင့်လှစ်ပေးလျှင် သင် ကြား တက်မြောက်နိုင်မည် ဖြစ်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာစိုက်ခင်းများ ပိုးကျသည့်အခါ အလွယ်တကူဝယ်ယူရရှိနိုင်သည့် ဓါတု ပိုးသတ်ဆေး နှင့် ဓါတုမြေဩဇာ သုံးစွဲမှုများသဖြင့် ရေရှည်တွင် မြေဆီလွှာ အရည်အသွေး ကျဆင်းနိုင်ပါသည်။စွန့် ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပိုးသတ်ဆေးဗူးခွံ၊ ပလပ်စတစ်အိတ်များကို စနစ်တကျ စွန့်ပစ်ခြင်းမရှိ သဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။

နှပ်ချိုတောကျေးရွာသည် မြင်းခြံမြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး မြေမြင့် သော အပိုင်းဖြစ်၍ ရေကြီးရေလွှမ်းမိုးခြင်းမရှိပါ။ တခါတရံ အားပျော့သော မုန်တိုင်းကျ ရောက်တက်ပြီး မိုး ခေါင်ရပ်ဝန်း ဖြစ်သဖြင့် မိုးခေါင်ခြင်းက သဘာဝအန္တရာယ် တစ်ခုအဖြစ် ရှိနေပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသည့် ချေးငွေကို တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် ချေးယူနိုင်သော်လည်း ချေးငွေပမာဏ ကန့်သတ် ထားခြင်း၊ ချေးငွေကာလတိုတောင်းခြင်း၊ လိုအပ်ချိန်တွင် မရရှိသည့် အခက်အခဲ များရှိပါ သည်။ Pack Myanmar ပုဂ္ဂလိ ကငွေစုငွေချေး အဖွဲ့မှ တစ်နှစ်အထိ ငွေချေးယူ နိုင်သော် လည်း လိုအပ်သလောက် မရရှိနိုင်သဖြင့် အမှန်တကယ်လိုအပ်ချိန်တွင် အတိုးနှုန်းများ သည့် စီးပွားရေးလုပ်ငန်းရှင်များထံမှ ချေးယူရပါသည်။ ကျေးရွာမှချေးငွေကို စိုက်ပျိုးရေးအတွက် အဓိကချေးယူလိုကြပြီး (ကျန်းမာရေးနှင့် ပညာရေး)အတွက်ချေးငွေရယူလိုခြင်းမရှိပါ။ စိုက်ပျိုးရေးအတွက် ချေးငွေလိုအပ်ချက်များပြား ကြောင်း တွေ့ရှိရပါသည်။ အတိုးနှုန်း သက်သာပြီး နှစ်စဉ်ချေးငွေ ရရှိရန် လိုအပ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ၏ အလယ်တန်းကျောင်းတွင် ကျောင်းဆောင် (၃)ခု ရှိပြီး သွပ်မိုး၊ နံကပ် ဖြစ် ပါသည်။ ရွာသူ ရွာသားများမှ မူလတန်းအဆင့်ပညာကို ကျောင်းနေရွယ်အားလုံး ပညာသင် ကြားသော်လည်း မူလွန်အဆင့်မှ အလယ်တန်းအဆင့်ကို ကျေးရွာတွင် တက်ရောက်နိုင်ပြီး အထက် တန်းအဆင့်အား နဘူးအိုင်သို့ တက်ရောက် သင်ကြားနိုင်ပါသည်။ ကျေးရွာမှ ကျောင်းစာသင်ခုံနှင့် ပရိဘောဂများ တိုးချဲ့ရန် လိုလားကြသည်။

ကျေးရွာအလယ်တန်းကျောင်းတွင် ကျောင်းအုပ်(၁)ဦး နှင့် ဆရာ/ဆရာမ(၉)ဦး ရှိပြီး ကျောင်း သူ/ သား(၂၅၀)ဦး ရှိသဖြင့် ဆရာ၊ ဆရာမ အင်အားလုံလောက်မှု ရှိပါသည်။ မူလတန်းအဆင့် ပညာရေးအတွက် ပြဋ္ဌာန်းစာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များမှာ အခမဲ့ဖြစ်ပါသည်။ ကျန်းမာ ရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးမှူး တစ်ဦးရှိပါသည်။

သောက်ရေအတွက် မိုးရေလှောင်ကန်များ ထားရှိအသုံးပြုကြပြီး စက်ရေတွင်းမှ လည်း ရေရရှိ သဖြင့် လုံလောက်မှုရှိပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာသုံးစွဲ လျှက်ရှိပါ သည်။ စာသင်ကျောင်း တွင် ယင်လုံအိမ်သာ စနစ်တကျ ဆောက်လုပ်ထားပြီး လုံလောက်မှု ရှိပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပါ။ လူငယ်များ သည် ကျေးရွာ၏ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များ တွင်လည်း ရိုးရာဓလေ့အတိုင်း ကပြတင်ဆက်မှုရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အတွက် သီးသန့်အဖွဲ့ အား သီးခြားဖွဲ့စည်းထားခြင်းမရှိသဖြင့် ဤစီမံချက်အရ အဖွဲ့အစည်း ဆောင်ရွက်ထားရှိပါသည်။

(ဇ) အခြေခံအဆောက်အဦး ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်း လမ်းများမှာ ကျယ်သော်လည်း မြေသားလမ်း ဖြစ်သဖြင့် ရာသီ မရွေး သွား လာရန် ခက်ခဲပါသည်။ ကျေးရွာလမ်းမကြီးမှာ ပေ(၁၃၀၀) ခန့် ရှိ၍ မိုးရာသီတွင် သွားလာရန် ခက်ခဲသဖြင့် ရာသီမရွေး သွားလာနိုင်သည့် ကွန်ကရစ်လမ်း ကျေးရွာလူထုမှ ဆောင်ရွက်လိုကြသည်။

ကျေးရွာမှာ လျှပ်စစ်မီး သွယ်တန်းအသုံးပြုနိုင်ပါသည်။ ကျေးရွာပြည်သူများမှာ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်မှု အသင့်အတင့် ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

ကျေးရွာတွင် စာကြည့်တိုက် မရှိပါ။ ထို့ကြောင့် လူငယ်များဗဟုသုတရစေမည့် စာအုပ်စာပေ များ၊ ဘာသာရေးနှင့် ပတ်သတ်သည့် စာအုပ်စာပေများ၊ ခေတ်နှင့်လျော်ညီ သည့် စာအုပ်စာပေများ ၊ သတင်းစာနှင့် ဂျာနယ်တို့ကို (၂၀မိုင်)ခန့် ကွာဝေးသော မြင်းခြံမြို့ တွင် ဝယ်ယူဖတ်ရှုရပါသည်။ သတင်းနှင့်ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပါ သည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်းအေးချမ်းပါသည်။ မိဘိုင်း တယ် လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်း အမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် ရေးဆွဲ ထားခြင်း မရှိပါ။ ကျေးရွာနှင့် (၂၀မိုင်) ခန့် အကွာတွင် မြင်းခြံမြို့၊ အမှတ်(၂) မြို့မရဲစခန်းရှိပြီး အလွယ်တကူ ဆက်သွယ်နိုင်ပါသည်။

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

လျှပ်စစ်မီး ချိတ်ဆက် အသုံးပြုနိုင်သဖြင့် ကျောင်းသူ/ ကျောင်းသားများအတွက် အထောက် အပံ့ဖြစ်ခြင်း၊ လျှပ်စစ်မီးဖိုနှင့် ချက်ပြုတ်နိုင်ခြင်း၊ ရုပ်သံလိုင်းများ အသုံးပြုနိုင် ခြင်း စသည့် အကျိုး ကျေးဇူးများ ရရှိလာပါမည်။

ကျေးရွာလူဦးရေ အားလုံး၏ (၇၁%) မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ပါသည်။ လူငယ် များအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်း အမြစ်များကို တိုးတက်ကောင်းမွန်စေမည် ဖြစ်ပါသည်။ ကျေးရွာလူထုမှာ အများအားဖြင့် ကျန်းမာ ရေး ကောင်းမွန်ကြပြီး ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း အလွယ်တကူ လက်လှမ်းမှီစွာ အသုံး ပြုနိုင်သည်။ ကျေးရွာသားများ အနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း မြင်းခြံ ခရိုင်ဆေးရုံသို့လည်းကောင်း၊ မန္တလေးမြို့ သို့လည်း ကောင်း သွားရောက်နိုင်သည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် ပြေပြန့်ဖြစ်ပြီး မြေဆီမြေဩဇာ အတန်အသင့် ကောင်းမွန်သည်။ တောင်သူများသည် မြို့သို့အလွယ်တကူ သယ်ယူပို့ ဆောင်နိုင်သည်။ မိုးရွာသွန်း မှုမှာ ပဲ၊ နှမ်းနှင့် သီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ ဖြစ်စေသည်။ ကျေးရွာသည် မြင်းခြံမြို့ နှင့် မန္တလေးမြို့များသို့ ကတ္တရာလမ်းဖြင့် ကူးသန်း သွားလာနိုင်သည်။ လမ်းပမ်းဆက် သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

မွေးမြူရေးထွက်ကုန်များ ရောင်းချနိုင်ရန် မြင်းခြံမြို့နှင့် မန္တလေးမြို့များတွင် ဈေးကွက် ကောင်းသော်လည်း သိုး၊ ဆိတ်နှင့် နွား မွေးမြူရေး စီးပွားဖြစ်လုပ်ကိုင်သူ အနည်း ငယ်သာ ရှိသည်။ အသားစားကြက်နှင့် ဥစားကြက် ဈေးကွက်ကောင်းသဖြင့် တိုးချဲ့မွေးမြူနိုင် ရန် လိုအပ်သော နည်း ပညာပံ့ပိုးမှု တိုးမြှင့်ပေးရန်လိုအပ်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေများထပ်မံ တိုးချဲ့ရန် မြေနေရာ မကျန်ရှိသဖြင့် သီးနှံ အထွက်တိုး အောင် စိုက်ပျိုးနိုင်ရန် လိုအပ်သည်။

တစ်ခါတစ်ရံကျရောက်တတ်သည့် သီးနှံဖျက်ပိုးများ နှိမ်နှင်းနိုင်သည့် သဘာဝပိုးသတ် ဆေး ပြုလုပ်နည်းနှင့် သီးနှံဖျက်ပိုး ကာကွယ်နည်းသင်တန်းများ ပို့ချပေးလျှင် သီးနှံဖျက်ပိုးများကာကွယ် နိုင်ခြင်း၊ ဖျက်ပိုးကျရောက်ပါက ထိရောက်စွာ နှိမ်နှင်းခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ဆောင်ရွက် နိုင်သည့် နည်းပညာများ ရရှိရန် လိုအပ်ပါသည်။

တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် လိုအပ်သည့်အချိန်တွင် ရရှိနိုင် မည့် အတိုးနည်းပါးပြီး နှစ်ရှည်ချေးငွေ ရရှိနိုင်ရန် ဝန်ဆောင်မှုလိုအပ်ပါသည်။

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိသဖြင့် ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာနှင့် အတွေ့အကြုံတို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) ကျေးရွာလူထု၏ အဓိကစိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံ၍ အလုပ်အကိုင်များ ဖန်တီးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိမှုမှတဆင့် စီးပွားရေး တိုး တက်အောင် ဆောင်ရွက်နိုင်မည်။

(၂) ကျေးရွာလူထု၏ လိုလားမှုဖြစ်သော ကျောင်းအဆင့်တိုးမြှင့်နိုင်ပြီး စာတတ်မြောက်မှု ပိုမိုအားကောင်းလာကာ အသိပညာနှင့်အတတ်ပညာ ကျွမ်းကျင်သော ကျေးရွာလူထု စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရမည်။

(၃) ကျေးရွာလူထုသည် စီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေးအခြေပြု အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြင့်မားလာစေပြီး စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု စွမ်းရည်များတိုးတက် လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

အထက်ဖော်ပြပါဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှု များကို ဆောင်ရွက်သွားကြမည်-

(၁) ရင်းနှီးငွေနှင့် စိုက်ပျိုးရေးနည်းစနစ်များ ရရှိအောင်ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ကောင်းမွန်လာအောင် တိုးချဲ့ဆောင်ရွက်မည်။ ရင်းနှီးငွေပိုမိုရရှိပါက မွေးမြူရေး နှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးချဲ့ဆောင် ရွက်နိုင်ရန် ခွဲဝေဆောင်ရွက်သွားပါမည်။ စိုက်ပျိုးမွေးမြူရေး နှင့် ပတ်သက်သည့် သင်တန်းများတက်ရောက်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဌာန များနှင့် ဆက်သွယ် ဆောင်ရွက်မည်။

(၂) ကျေးရွာလူငယ်များအား စက်ပြင်၊ သံဂေါ၊ ဆိုင်ကယ်ပြုပြင်သင်တန်းများတက် ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်။ အမျိုးသမီးများအတွက် စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်းများ တက်ရောက်နိုင်ရေး စီစဉ် ဆောင်ရွက်ပေးမည်။သင်တန်း ဆင်းပြီး ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် အရင်းအနှီးရရှိစေရန် ဆောင်ရွက် ပေးမည်။

(၃) ကျေးရွာရှိလူငယ်များ ပညာရည်မြင့်မားစွာ တတ်မြောက်လာစေရန် ကျောင်းအဆင့် မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်။ ကျောင်းအဆင့်မြှင့်တင်နိုင်ခြင်းနှင့်အတူ ကျေးရွာလျှပ်စစ်မီးလင်းရေးကိုလည်း မဖြစ်မနေ ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာစေရန် ဆောင်ရွက်သွားမည်။ ကျေးရွာအကျိုး ပြုအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မား တိုးတက်လာအောင် စီမံခန့်ခွဲမှုသင်တန်း များ၊ငွေစာရင်းထိန်းသိမ်းမှုသင်တန်းများ တက်ရောက်နိုင်ရန် သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

နှပ်ချိုတောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို မြင်းခြံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ပြုစုဖော်ပြထားပါသည်။ ကျေးလက်ဦးစီးမှ တဆင့် ဒေသဆိုင်ရာ အဆင့် များနှင့် နိုင်ငံတော်အဆင့်အထိ ပံ့ပိုးနိုင်သည့် ဌာန/အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပေးနိုင်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနှင့်ပုံမှန်စိစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအားနည်းပညာအထောက်အပံ့များပံ့ပိုးမှုသည်အရေးပါသည်။ ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် မိမိကျေးရွာ၏လိုအပ်ချက်များကို ရှာဖွေဖော်ထုတ် လုပ်ကိုင် ရရှိခြံမှုများကို ပုံမှန်စိစစ်သွားပါမည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် ပဲစင်းငုံ၊နှမ်း၊မြေပဲ၊ဝါ၊ကြက်သွန်နှင့်စပါးတို့ကို အဓိကစိုက်ပျိုးသဖြင့်သီးနှံဖျက်ပိုး ကျရောက်ခြင်းကို ထိရောက်စွာနှိမ်နင်းနိုင်မည့် နည်းစနစ်များရရှိရန်လိုအပ်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ကျေးရွာထူထုအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း များ တိုးချဲ့ဆောင်ရွက်နိုင်ရန် အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေရရှိရန်လိုအပ်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှု လုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းများလုပ်ကိုင်ရန် လူငယ်များနှင့် အမျိုးသမီး များအတွက် အခွင့်အလမ်းရှိပါသည်။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းအဖြစ် အမျိုးသမီးများအတွက် စက်ချုပ်၊ ဇာထိုးပန်းထိုး၊ သင်တန်းများ လူငယ်များအတွက် သံဂဟ၊ ဆိုင်ကယ်ပြုပြင် သင်တန်း စသည့် သင်တန်းများရရှိရေး ထောက်ပံ့ပေးရန်လိုအပ်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

(က) နှစ်ပတ်လည်ဖွံ့ဖြိုးမှုအစီအစဉ်

ကျေးရွာလူထုမှ ပြုစုထားသည့် ဦးစားပေးအလိုက် တန်းစီထားသည့် စီမံချက်များမှာပြီး ပြည့်စုံမှုမရှိသဖြင့် လိုအပ်သည့် လုပ်ငန်းများအား သုံးသပ်ပြီး နောင်တွင်ပြင် ဆင်သင့်သည်များကို ပိုမိုကောင်းမွန်သော စီမံချက်များဖြင့် ထည့်သွင်းဆောင်ရွက်သွားပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံ မှုကိုအခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ် မှတ်

ခြင်းဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်နိုင်ပါမည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ အထောက်အပံ့ တို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်၊
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည် မြှင့်တင်ရေးအသုံးစရိတ်၊
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်ပါသည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက်	မှတ် ချက်
ကျေးရွာအဆောက်အအုံ					
	၁။ ရွာဝင်လမ်းကွန်ကရစ်ခင်းခြင်း	၅၀	၁	- မြေသားလမ်းပြုပြင်ပြီးကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်	
	၂။ ကျေးရွာတွင်းရှိလမ်းများ ကွန်ကရစ်ခင်းခြင်း	၄၈	၂	- မြေသားလမ်းပြုပြင်ပြီးကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်	
ကျန်းမာရေး					
	၃။ သန့်ရှင်းသောသောက်သုံရေ ရရှိရန်	၄၅	၃	- ကျေးလက်ဦးစီးဌာနသို့ တင်ပြ တောင်းခံခြင်း ၊ – ငွေကြေးအတွက် အလှူရှင်များ အားနှိုးဆော်ခြင်း၊ အလှူငွေများ ရရှိအောင် ဆောင်ရွက်သွားရန်။	
	၄။ ကျေးလက်ကျန်းမာရေးအဆောက်အဦ တိုးချဲ့ခြင်း	၄၃	၄	- ကျေးလက်ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ တောင်းခံခြင်း၊ - ငွေကြေးအတွက် အလှူရှင်များ အား နှိုးဆော်ခြင်း၊ အလှူငွေများ ရရှိအောင် ဆောင်ရွက်သွားရန်။	
ကျေးရွာအဆောက်အဦ					

	၅။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းတည် ဆောက်ရန်	၄၀	၅	-ငွေကြေးအတွက် အလှူရှင်များ အားနှိုးဆော်ခြင်း၊ အလှူငွေများ ရရှိအောင် ဆောင်ရွက်သွားရန်။	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာ တွင် လည်း ထည့်သွင်းပေးမည်။

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ရွာဝင်လမ်းကွန်ကရစ်ခင်းခြင်း	၁	A				
၂	ကျေးရွာတွင်းရိုလမ်းများ ကွန်ကရစ်ခင်းခြင်း	၂		A			
၃	သန့်ရှင်းသောသောက်သုံရေ ရရှိရန်	၃			A		
၄	ကျေးလက်ကျန်းမာရေးအဆောက်အဦ တိုးချဲ့ခြင်း	၄				A	
၅	ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းတည် ဆောက်ရန်	၅					A

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာ ဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်း များနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျက်အပါအဝင် စံမံချက်ပြုစု ရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသား မဟုတ်သောထည့်ဝင်မှု (ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ရွာဝင်လမ်းကွန်ကရစ်ခင်းခြင်း					
၂	ကျေးရွာတွင်းရိုလမ်းများကွန်ကရစ်ခင်းခြင်း					
၃	သန့်ရှင်းသောသောက်သုံရေ ရရှိရန်					
၄	ကျေးလက်ကျန်းမာရေးအဆောက်အဦ တိုးချဲ့ခြင်း					
၅	ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းတည်ဆောက်ရန်					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်မည့်နည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သ ဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှုရေးတာဝန်ကို အဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-ပညာရေး ဖောင်ဒေးရှင်း အဖွဲ့သည် ကျေးရွာမူလတန်း လွန်ကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုး တက်ရန် တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- ပညာရေးဖောင်ဒေးရှင်း အဖွဲ့သည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရ ပါမည်။ လယ်သမားအဖွဲ့ကလည်း လယ်ယာကုန်ထုတ် လုပ်ငန်းအထောက်အကူပြု လမ်းဖောက် လုပ်နိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနတို့နှင့် ဆက် သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံ နှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါ မည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစား များအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိ ကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်ပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခု လုံး လွှမ်းခြုံကြီး ကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေး ထားသော အဖွဲ့၏တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင် ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီ အစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူ များထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ

ကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်း ရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေး အတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီး ကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်း လွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်း များ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက် ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီ အစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်း အခြေခံ သတင်း အချက်အလက်များ ပေါ်မူတည်၍ တိုးတက်မှု ကို တိုင်းတာသည့် အညွှန်းကိန်း (indicator) ကို တည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာ

ဖွံ့ဖြိုး ရေးကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုကို အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့် သော အဆို ပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင် ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရ သောည အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံ စာသည် စာမျက်နှာ(၂)မျက်နှာ၊ (၃)မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက် မည့်အစီအစဉ် များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်ထားသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေ များကို အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့် ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များကို ရယူနိုင်သော အခွင့် အလမ်း ကိုလည်း ရရှိ ပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

နှပ်ချိုတောကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၀	၁၅	၃၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၅၆	၄၇	၁၀၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၅	၆၈	၉၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၃	၆၀	၁၁၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၂၀	၆၀၃	၁၂၂၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၀	၅၀	၁၂၀
စုစုပေါင်း		၈၄၄	၈၄၃	၁၆၈၇
စုစုပေါင်း အိမ်ထောင်စု		၃၂၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူဦးရေများပြီး၊ သက်ကြီးရွယ်အိုနှင့် စီးပွားရေး လုပ်ငန်းမလုပ်ကိုင်နိုင်သူဦးရေနည်းပါးပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁၈၀			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀			မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၈၀			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၅			မြင့် ☐ လတ်☑ နိမ့် ☐
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း	၅			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
	လက်လီ– လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၃၂၀			☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း** မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြသဖြင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနည်းပါးသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူအနည်းငယ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအနည်းငယ် လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၅၀၀၀	၄၀၀၀	၃၀၀၀	၂၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ပြီး အမျိုးသားတစ်ဦး ၏ ဝင်ငွေနှင့်အမျိုးသမီးဝင်ငွေမှာတစ်ရက်လျှင်(၁၀၀၀)ကျပ် ကွာဟပါသည်။ ကျေးရွာရွေးရိုးစွဲ အစဉ်အလာအရ

အမျိုးသားတစ်ဦး၏ ဝင်ငွေနှင့် အမျိုးသမီးတစ်ဦးဝင်ငွေ သတ်မှတ်မှု ကွာခြားကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ
ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၅၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၂၅၀	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၂၀၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာ

မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာစိုက်ပျိုးမြေ (၃၂၀၀) ဧက ပိုင်ဆိုင်ပြီး ကြက်သွန်၊ ပဲစင်းငုံ၊ မြေပဲ ၊ နှမ်းနှင့် ဝါ သီးနှံများ စိုက်ပျိုးများပြီး စာကျက်မြေနှင့် မြေလွတ်မြေလပ် နည်းပါးကြောင်း တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း☐မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သတ္တုနှင့်အခြားတွင်းထွက် သယံဇာတ၊ ကျောက်၊ သဲ၊ ကျောက်စရစ်များ မရှိပါ။ သဘာဝအပင်မျိုးစိတ် (အလေ့ကျပေါက်သောအပင်၊ နွားစာ၊ ဆေးဘက်ဝင်အပင်များ) အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅၈	၁၈၅	၆၈	၉
အိမ်အခြေအနေ	တိုက်/ ပျဉ်ထောင်	အိမ်/သွပ်မိုး	အိမ်/ဝါးကပ်	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား/ထွန်စက်	အသင့်အတင့်	မရှိ	မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	လုပ်သား	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅၈	၁၈၅	၆၈	၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမြေယာပိုင်ဆိုင်မှုများပြီး အိမ်အဆောက်အဦး အခြေအနေ အသင့် အတင့်၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းများ ပိုင်ဆိုင်မှုနည်းပြီး အဓိက စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေအသင့်အတင့်ရှိပြီး ဥစ္စာဓန စီးပွားရေး ကောင်းမွန်ပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစစ်တမ်းကောက်ယူမှုအရ ချေးငှားခြင်းမရှိဘဲ ထမင်းနပ်မှန်စွာ မစားသောက်နိုင် သည့် အိမ်ထောင်စုမရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ် အထက် မရှိပါ။ ဆင်းရဲသည့် အမျိုးသား/ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အနည်းငယ်ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် စားနပ်ရိက္ခာ မဖူလုံမှု မရှိကြောင်းနှင့် အခြားသဘာဝဘေးအန္တရာယ်များ တခါတရံ ကျရောက်တက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလူငယ်များ တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဆိုင်ကယ်၊ ကားများ ပေါများလာပြီး အရက်သေစာသောက်စား မူးရစ်မောင်းနှင့်သဖြင့် ထိခိုက်သက်ရောက်နိုင်ပြီး အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသည်။ လက်လုပ်လက်စား ကျပန်းလုပ်သားများ လုပ်ငန်းတွင် အန္တရာယ်များ ကျရောက်ထိခိုက် သက်ရောက်နိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပရဟိတ	၁☑ ၂☐ ၃☐	၁၀	၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂		၁☐ ၂☐ ၃☐	၂၀	၅	၂၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃		၁☐ ၂☐ ၃☐		၃၀	၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး☐၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၅		၁☐ ၂☐ ၃☐	၁၀	-	၁၀	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
